# ၁၉၃၀ ပြည့်နှစ်၊ မြေအောက်ရေ ကြီးကြပ်မှုအက်ဥပဒေ
# 1930 Underground Water Act

၁။ **အမိန့်အာဏာတည်သည့်နေ့ရက်**

ဤဥပဒေသည် ဘုရင်ခံမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်နေ့တွင် အာဏာတည်ရမည်၊ ဘုရင်ခံသည် အရပ်ဒေသကိုလိုက်၍ မြေအောက်ရေပြွန်တွင်း၏ အနက် အတိုင်းအတာကို သတ်မှတ်နိုင်သည်။

၂။ **အဓိပ္ပါယ်ဖော်ပြချက်**

ဤဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်

(က) "မြေအောက်ရေ" ဆိုသည်မှာ မြေအောက်ကို ရေပိုက်ချ၍ တူးယူရရှိသော ရေကို ဆိုလိုသည်။

(ခ) "မြေအောက်ရေ ကြီးကြပ်မှုအရာရှိ" ဆိုသည်မှာ ဤဥပဒေအလို့ငှာ မြေအောက်ရေ ကြီးကြပ်ရန်အတွက် ဘုရင်ခံ၏ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခန့်အပ်သော အရာရှိကို ဆိုလိုသည်။

၃။ **အဝီစိတွင်းတူးခွင့် ရယူခြင်း**

မြေအောက်ရေ ကြီးကြပ်မှုအရာရှိထံမှ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ မြေအောက်ရေရရှိရေးအတွက် ရေပိုက်ချ၍ တူးဖော်ခြင်းမပြုရ။

၄။ **ခွင့်ပြုချက်မရှိသည့်တွင်းအား ပိတ်နိုင်သည့်အာဏာ**

(၁) ဤ ဥပဒေပုဒ်မ (၃) အရ ပြဋ္ဌာန်းချက် ကို ဖောက်ဖျက် ကျူးလွန်၍ တူးဖော်သူ အား အဆိုပါ တူးဖော်ပြီး အဝီစိတွင်းကို ပိတ်ပင်ရန် မြေအောက်ရေ ကြီးကြပ်မှု အရာရှိက အမိန့်ထုတ်၍ တားမြစ်နိုင်သည်။

(၂) အထက်ပုဒ်မခွဲ(၁)ပါ တားမြစ်ချက်ကို လိုက်နာရန် ပျက်ကွက်လျှင် သက်ဆိုင်ရာ ခရိုင်ဝန် သို့မဟုတ် နယ်ပိုင် သို့မဟုတ် မြို့အုပ်တို့၏ သက်ဆိုင်ရာတရားရုံးများတွင် တရားစွဲဆို၍ အဝီစိ တွင်းကိုပိတ်နိုင်သည်။ ယင်းသို့ အဝီစိတွင်းပိတ်ခြင်းအတွက် ကုန်ကျစရိတ်အားလုံးကို ကျူးလွန်သူထံမှ တောင်းခံနိုင်သည်။ ကျူးလွန်သူက ပေးဆောင်ရန်ပျက်ကွက်ပါက ၎င်းငွေကို မြေခွန်တော်မပြေ ကျန်ငွေကဲ့သို့ တောင်းဆိုနိုင်သည်။

၅။ အဝီစိတွင်းရေကို ထုတ်ယူသုံးစွဲနေသူသည်လည်းကောင်း၊ အဝီစိတွင်းရေကို ထုတ်ယူသုံးစွဲလို၍ လျှောက်ထားသူသည် လည်းကောင်း၊ မြေအောက်ရေ ကြီးကြပ်မှု အလို့ငှာ အဝီစိတွင်းနှင့်ပတ်သက်၍ လိုအပ်သော အချက်အလက်များကို ဘုရင်ခံမှ ပြဋ္ဌာန်းထားသော လုပ်ထုံး လုပ်နည်းများအတိုင်း မြေအောက်ရေကြီးကြပ်မှုအရာရှိထံ ပေးပို့ရမည်။

၆။ ဘုရင်ခံမှ နည်းဥပဒေကို ပြဋ္ဌာန်းနိုင်သည်။

(က) ဤဥပဒေပုဒ်မ(၃)အရမြေအောက်ရေကြီးကြပ်မှုအရာရှိက ခွင့်မိန့်ထုတ်ပေးရန်လိုအပ်သည့် စည်းကမ်းများကို သတ်မှတ်ခြင်း၊

(ခ) ခွင့်ပြုမိန့်ထုတ်ပေးရန် လုပ်ထုံးလုပ်နည်းများ ပုံစံများနှင့် ပေးဆောင်ရန် အခကြေးငွေများကို သတ်မှတ်ခြင်း ၊

(ဂ) ဤဥပဒေ ပုဒ်မ (၅)အရ မြေအောက်ရေ သုံးစွဲသူက လိုက်နာရမည့် နည်းလမ်းများ သတ်မှတ်ခြင်း၊

၇။ ဤဥပဒေပုဒ်မ (၃) သို့တည်းမဟုတ် ပုဒ်မ (၅)ကို ကျူးလွန်သူမည်သူမဆို ရူပီးငွေတစ်ထောင်ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရန် သတ်မှတ်ခြင်း ခံရမည်။